# ဒီမိုကရေစီတွင် အရပ်သားအစိုးရက စစ်တပ်ကို အပြည့်အဝထိန်းချုပ်နိုင်ရန်လိုအပ်ခြင်း

**ကျော်ကျော်စိုး**

ဒီမိုကရေစီကို စတင်ထူထောင်မည့် သို့မဟုတ် နုနယ်စဒီမိုကရေစီနိုင်ငံများအတွက် အန္တရာယ်အကြီးဆုံးနှင့် အဖျက်ဆီးနိုင်ဆုံးအင်အားစုမှာ ရွေးချယ်တင်မြှောက်ခံနိုင်ငံရေးခေါင်းဆောင်များက အပြည့်အဝထိန်းချုပ်နိုင်ခြင်းမရှိသော စစ်တပ်ပင်ဖြစ်သည်။

လက်နက်နှင့် အခြားကိရိယာများကို ကိုင်ဆောင်ထားပြီး စစ်ရေးဆိုင်ရာလှုပ်ရှားမှုများနှင့် ကိစ္စရပ်များကို စနစ်တကျတတ်မြောက်ထားပြီး တောင့်တင်းသည့်အဖွဲ့အစည်းဖြစ်သည့်စစ်တပ်သည် ဒီမိုကရေစီရေးအားပေးကြိုးပမ်းချက်များကို တန်ပြန်နှောင့်ယှက်ဖျက်ဆီးနိုင်သည့်အနေအထားတွင်ရှိသည်ဆိုသည့်အချက်ကို ကောင်းစွာသိရှိနားလည်သဘောပေါက်ထားရန်လိုအပ်သည်။

အရပ်သားက စစ်တပ်ကိုထိန်းချုပ်ထားရမည်ဆိုသည်မှာ ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံသားအားလုံးက ခိုင်မာစွာတန်ဖိုးထားစွဲကိုင်ကျင့်သုံးရမည့်အရာများထဲမှ တခုဖြစ်သည်။ ဒီမိုကရေစီ အရင့်အမာနိုင်ငံကြီးများဖြစ်ကြသည့် ကနေဒါ၊ ဩစတြေးလျား၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုကဲ့သို့သောနိုင်ငံများတွင် စစ်တပ်ကို အရပ်သားထိန်းချုပ်မှုအောက်တွင် ထားရှိရမည်ဆိုသည်ကို စစ်တပ်ဖွဲ့ဝင်များကသာမက စစ်သားမဟုတ်သော အရပ်သားများကပါ အခြေခံယုံကြည်ချက်အဖြစ် လက်ခံကျင့်သုံးလျက်ရှိသည်။ ထို့ကြောင့် အဆိုပါနိုင်ငံများတွင် စစ်တပ်ဖွဲ့ဝင်များ စစ်တပ်အကြီးအကဲများကို ပြည်သူလူထုက လေးစားချစ်ခင်ကြသည့်အကြောင်းရင်းများထဲတွင် အချက်တချက်အနေဖြင့်ပါဝင်ပေသည်။ ထို့အပြင် အဆိုပါနိုင်ငံများ၌ စစ်မှုထမ်းများသည် စစ်တပ်မှနုတ်ထွက်သည့်အခါ သို့မဟုတ် အနားယူသည့်အခါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် မိမိတို့အရည်အချင်း၊ ထင်ရှားကျော်စောမှုများဖြင့် ဝင်ရောက်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးထားသည်ကိုတွေ့ရသည်။ စီးပွားရေးလောက၊ ပညာရေးလောက၊ လူမှုအသိုင်းအဝိုင်းနယ်ပယ်၊ ပြည်သူ့ကိုယ်စားလှယ် စသည်ဖြင့် ဝင်ရောက်လုပ်ကိုင်လှုပ်ရှားကြပေသည်။

များပြားလှစွာသော ဗိုလ်ချုပ်ကြီးများသည် နိုင်ငံ့ခေါင်းဆောင်များ၊ သမတ၊ ဝန်ကြီးချုပ်စသည်ဖြင့် ရွေးချယ်ခံကြရသည်များလည်းရှိသည်။ ထိုသို့ရွေးချယ်ခံကြရ၍ နိုင်ငံကို ဦးဆောင်ဦးရွက်ပြုရသောအခါ မိမိတာဝန်ထမ်းဆောင်ခဲ့ဘူးသည့် ဗိုလ်ချုပ်ကြီးအဖြစ်မဟုတ်ပဲ ရွေးချယ်ခံအရပ်သားတဦးအဖြစ် ဦးဆောင်ကြလေသည်။

ဥပမာအနေဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက မြောက်ဥရောပမဟာမိတ်တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အမေရိကန်ဗိုလ်ချုပ်ကြီး ဒွိုက်အိုင်စင်ဟောင်ဝါ Dwight Eisenhower သည် အရည်အချင်းပြည့်ဝသော စစ်ခေါင်းဆောင်တဦးဖြစ်ပြီးအများ၏ လေးစားမှုကိုရရှိသောကြောင့် အမေရိကန်နိုင်ငံရေးပါတီများက စစ်ပြီးခေတ် သမတရွေးကောက်ပွဲတွင် ၄င်းတို့ပါတီများ၏သမတလောင်းအဖြစ် ကိုယ်စားပြုရွေးချယ်ခံရန် ဖိတ်ကြားခံခဲ့ရသည်။ ထိုပါတီများက အိုင်စင်ဟောင်ဝါ ၏ လူထုအကြားရေပန်းစားမှု နှင့် လူကြိုက်များမှုကို အသုံးချကာ သမတလောင်းအဖြစ်ပါဝင်စေလိုကြခြင်းဖြစ်သည်။ အိုက်စင်ဟောင်ဝါကလည်း ရီပတ်ဗလီကင် ပါတီကိုယ်စားပြုသမတလောင်းအဖြစ် သမတရွေးကောက်ပွဲဝင်ခဲ့ပြီး သမတဖြစ်လာခဲ့သည်။

သမတဖြစ်လာသောအခါ နိုင်ငံအား စစ်အတွင်းက ခေါင်းဆောင်တဦးအဖြစ်ဖြင့် အုပ်ချုပ်ခဲ့ခြင်းမရှိပဲ အရပ်သားသမတတဦးအဖြစ် အုပ်ချုပ်ခဲ့လေသည်။ အမေရိကန်တပ်ဖွဲ့များ၏ကာကွယ်ရေးဦးစီးချုပ်(Commander-in-Chief) ဖြစ်လာခဲ့ပြီး ဗိုလ်ချုပ်ကြီး အဖြစ်မဟုတ်ပဲ သမတအဖြစ် ကိုင်တွယ်ခဲ့လေသည်။ သမတတာဝန်ထမ်းဆောင်ချိန်အတွင် အိုက်စင်ဟောင်ဝါသည် အမေရိကန် ပြည်သူပြည်သားများအား စစ်တပ်ဆက်နွယ်သည့်လုပ်ငန်းများ နိုင်ငံတွင်းအားကောင်းနေခြင်းသည် ဒီမိုကရေစီကို ခြိမ်းခြောက်မှု ပြုနိုင်သည်ဟုပင် သတိပေးခဲ့လေသည်။ ထို့ကြောင့် အစိုးရ၏ဘတ်ဂျက်တွင် စစ်တပ်နှင့်သက်ဆိုင်သောအသုံးစရိတ်များကို လျှော့ချနိုင်ရေးလုပ်ဆောင်ကြိုးပမ်းခဲ့သည်။ စစ်တပ်နှင့် လက်နက်ဆိုင်ရာအသုံးစရိတ်များပြားခြင်းသည် အရပ်ဘက်ဆိုင်ရာအသုံးစရိတ်များ ဖြစ်သည့် ပညာရေး ကျန်းမာရေး လူမှုရေးဆိုင်ရာအသုံးစရိတ်များအပါအဝင် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် အသုံးစရိတ်များကိုလျှော့ပါးစေခြင်းကြောင့်ဖြစ်သည်။

ဒီမိုကရေစီအရင့်အမာနိုင်ငံကြီးများတွင် စစ်တပ်ခေါင်းဆောင်သည် ၄င်း၏ဦးစီးချုပ်၏အမိန့်ကိုနာခံခြင်းမရှိလျှင် ရာထူးချခံရခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခံရခြင်း စသည့်သာဓကေများလည်းရှိသည်။ ထိုအဖြစ်အပျက်များသည် အမေရိကန်စစ်တပ်အတွင်း အကြိမ်အများအပြားဖြစ်ခဲ့သည်။ ဥပမာအနေဖြင့် ဖော်ပြလိုပေသည်။ ဗိုလ်ချုပ်ကြီးဒေါက်ဂလပ်စ်မက်အာသာ Douglas

MacArthur ဆိုသည်မှာ လွန်စွာထင်ရှားကျော်ကြားသော အမေရိကန်စစ်ဗိုလ်ချုပ်တဦးဖြစ်ပြီး ဂျပန်နိုင်ငံ ဒီမိုကရေစီကို ဦးဆောင်ရေးဆွဲအကောင်အထည်ဖော်ခဲ့သူအဖြစ်လည်း ဂျပန်တွင်ထင်ရှားသည်။ ဗိုလ်ချုပ်ကြီးမက်အာသာသည် ကိုရီးယားစစ်ပွဲအတွင်း သူ၏ကာကွယ်ရေးဦးစီးချုပ်ဖြစ်သော အမေရိကန်သမတ ဟယ်ရီထရူးမဲန်း ၏အမိန့်အောက်မှမဟုတ်ပဲ မိမိသဘောအတိုင်း ဆုံးဖြတ်လုပ်ကိုင်ခဲ့သည်များရှိလာခဲ့သည်။ စစ်ပွဲအတွင်း သူ့ကိုယ်ပိုင်အတွေ့အကြုံများအပေါ်အခြေခံကာ မူဝါဒများချမှတ်ပြီး လုပ်ဆောင်ခဲ့သည့်အတွက် ဒီမိုကရေစီ၏အခြေခံဥပဒေသတခုဖြစ်သော အရပ်သားဦးစီးချုပ်၏အမိန့်ကိုနာခံရန် ပျက်ကွက်ခဲ့လေသည်။ ထို့ကြောင့် သမတက သူ့အား ရာထူးအဆောင်အယောင်များကို ရုပ်သိမ်းကာ အငြိမ်းစားပေးခဲ့လေသည်။

အမေရိကန်သမတက ထိုကဲ့သို့ဆုံးဖြတ်လုပ်ကိုင်ခဲ့ခြင်းကို အမေရိကန်အထက်လွှတ်တော်နှင့်အောက်လွှတ်တော် ၂ ရပ်စလုံးမှ အမတ်အများအပြားက သမတအားပြစ်တင်ဝေဖန်မှုများပြုကာ ဗိုလ်ချုပ်ကြီးမက်အာသာကို ရာထူးအဆောင်အယောင်များပြန်ပေးရန် တောင်းဆိုခဲ့ကြသည်။ သို့သော်လည်း သမတ ထရူးမဲန်းက လက်မခံပဲငြင်းပယ်ခဲ့သည်။ နောက်ပိုင်းတွင် အမတ်အများစုက သမတ၏လုပ်ရပ်သည် လိုအပ်သောလုပ်ဆောင်ချက်ဖြစ်ပြီး ဒီမိုကရေစီအတွက် မှန်ကန်သောလုပ်ရပ်ဖြစ်သည်ဟု လက်ခံခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် စစ်တပ်ခေါင်းဆောင်မှန်သမျှသည် အရပ်သားအစိုးရအဖွဲ့အကြီးအကဲ၏လက်အောက်တွင် နာခံရမည်ဆိုသည့် ဒီမိုကရေစီ၏အခြေခံအချက်တချက်ကြောင့်ဖြစ်ပေသည်။

## အချုပ်အခြာအာဏာသုံးရပ်အောက်မှလွတ်နေသည့်စစ်တပ်

ဒီမိုကရက်တစ်အစိုးရတရပ်၏သွင်ပြင်လက္ခဏာထဲတွင် စစ်တပ်သည် အရပ်သားအစိုးရလက်အောက်တွင်ရှိရမည်ဆိုသည့်အချက်သည် အချို့သောနိုင်ငံများတွင် တည်ရှိခြင်းမရှိသည်ကို တွေ့ကြုံခဲ့ရလေသည်။ အကယ်၍ စစ်တပ်သည် နိုင်ငံ၏ အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သော ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာ၊ စီမံအုပ်ချုပ်ရေးအာဏာအောက်မှ လွတ်ကင်းနေလျှင် သမတဖြစ်စေ၊ လွှတ်တော်အမတ်ဖြစ်စေ၊ တရားသူကြီးဖြစ်စေ စစ်တပ်အပေါ်မည်သို့မျှသြဇာသက်ရောက်နိုင်တော့မည်မဟုတ်ပေ။ အလားတူပင် စစ်တပ်ခေါင်းဆောင်တဦး သို့မဟုတ် စစ်တပ်ခေါင်းဆောင်များက ၄င်းတို့သည် သမတ၊ လွှတ်တော်အမတ်၊ တရားသူကြီးတို့သည် ၄င်းတို့အပေါ် သြဇာသက်ရောက်ခြင်းမရှိဟုယူဆလာပါက ထိုသမတကို ရာထူးမှဖယ်ရှားခြင်း လွှတ်တော်ကိုဖျက်သိမ်းခြင်း၊ တရားစီရင်ရေးစနစ်ကို ဝင်ရောက်စွက်ဖက်ချယ်လှယ်ခြင်းများကို ပြုလုပ်လာနိုင်ပေသည်။

ပြည်သူ့ ကိုယ်စားလှယ်တဦးဦးကို ဖမ်းဆီးချုပ်နှောင်ခြင်း ဖယ်ရှားခြင်းများကို စစ်တပ်ခေါင်းဆောင်များက ပြုလုပ်လာသောကြောင့် ကန့်ကွက်ဆန့်ကျင်မှုများပြုလုပ်လာလျှင် ၄င်းတို့သည် ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များ၊ တရားသူကြီးများသည် အကျင့်ပျက်လာဘ်စားမှုများပြုလုပ်နေခြင်းကို သည်းညည်းမခံနိုင်တော့သည့်အတွက်ဟုဆိုကာ အကြောင်းပြလာကြလိမ့်မည်။ စစ်တပ်အစိုးရကသာလျှင် တိုင်းပြည်တွင်ပြည်သူများလတ်တလောကြုံတွေ့နေရသောအခြေအနေများကို ဖြေရှင်းနိုင်သည်ဟု ဆင်ခြေပေးလိမ့်မည်ဖြစ်သည်။

စစ်အာဏာရှင်များသည် ဒီမိုကရေစီကို အကြောင်းပြု၍ အရပ်သားပြည်သူ့ကိုယ်စားလှယ်များနေရာတွင် စစ်တပ်ကိုယ်စားလှယ်များ သေချာပေါက်ရယူနိုင်ရန် ရွေးကောက်ပွဲများတွင် အကွက်ချစီစဉ်လေ့ရှိတတ်သလို သီးခြားနေရာသတ်မှတ်ခွဲဝေကာ ရယူခြင်းများလည်း ရှိသည်။ ဤသို့သောနည်းများဖြင့် စစ်တပ်က လက်ဝါးကြီးအုပ်သော အမည်ခံဒီမိုကရေစီနိုင်ငံဖြစ်လာစေရန်လုပ်ဆောင်ကြသည်။

## လွှတ်တော်အခြေပြုအစိုးရနှင့် စစ်တပ်

ပြည်သူများကမဲပေးရွေးချယ်မှုများဖြင့် ပါတီများကို ကိုယ်စားပြု၍ လွှတ်တော်အမတ်များဖြစ်လာပြီး အစိုးရတရပ်အား ဦးဆောင်မည့်သူကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ကာ အစိုးရဖွဲ့စည်းကာ တိုင်းပြည်ကို အုပ်ချုပ်ကြသည်။ ထိုသို့သောလွှတ်တော်များပေါ်ပေါက်လာသော်လည်း လွှတ်တော်အထက်တွင် အခြားသောအာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် စစ်ကောင်စီ သို့မဟုတ် အာဏာရှင်များရှိနေပါက ထိုနိုင်ငံတွင်ကျင့်သုံးနေသောနိုင်ငံရေးစနစ်ကို ဒီမိုကရေစီဟု ခေါ်ဆို၍မရပေ။ ဒီမိုကရေစီနိုင်ငံတနိုင်ငံ၏ ကြွန်အင်လက္ခဏာထဲတွင် ပြည်သူ့လွှတ်တော်သည် အမြင့်ဆုံးသောအာဏာပိုင်အဖွဲ့အစည်းဖြစ်သည် ဆိုသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် အတိအလင်း ပြဌာန်းထားလေ့ရှိသည်။ ဤအချက်ကို နိုင်ငံတနိုင်ငံတွင်ကျင့်သုံးနိုင်မှသာ ဒီမိုကရက်တစ်

အစိုးရဟု ခေါ်ဆိုရန်သင့်လျော်မည်ဖြစ်သည်။

ယနေ့ကမ္ဘာ့နိုင်ငံတချို့တွင် လွှတ်တော်များတည်ရှိပြီး ထိုလွှတ်တော်များအထက်တွင် ဘုရင်များရှိသည်ကို လက်တွေ့အားဖြင့်မြင်တွေ့နိုင်ပေသည်။ သို့သော်လည်း အဆိုပါဘုရင်များသည် နိုင်ငံ၏အဆောင်အယောင် ဂုဏ်ထူးဆောင်အဆင့်အဖြစ်သတ်မှတ်ထားပြီး နေ့တဓူဝ နိုင်ငံ့အရေးအရာကိစ္စများတွင် ဝင်ရောက်ပါဝင်စွက်ဖက်ခြင်းလုပ်ဆောင်ခြင်းများမရှိပေ။ ထို့ကြောင့် ထိုကဲ့သို့သောစနစ်များသည် ဒီမိုကရေစီကို ခြိမ်းခြောက်ခြင်းမရှိပေ။

လွှတ်တော်များသည် ဝန်ကြီးချုပ်၏လုပ်ပိုင်ခွင့်အာဏာဖြင့် သက်တမ်းမကုန်မီဖျက်သိမ်းပိုင်ခွင့်ဆိုသည့် အချက်ကို ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံများတွင် လက်တွေ့လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းမျိုးကို နိုင်ငံအတွက် အရေးပါသောကိစ္စများအတွက် သဘောတူညီချက်မရနိုင်ပဲ ဖြစ်နေသောအခါမျိုးတွင် ဝန်ကြီးချုပ်သည် ကျင့်သုံးလေ့ရှိသည်။ ပြည်သူလူထုက ၎င်းတို့၏ကိုယ်စားလှယ်များကို မဲပေးရွေးချယ်ပြီး နိုင်ငံ့အရေးအရာကိစ္စများတွင် ပါဝင်လုပ်ဆောင်ကြသော်လည်း ဝန်ကြီးချုပ်ဖြစ်သူက လွှတ်တော်ကိုဖျက်သိမ်းခြင်းမျိုးကိစ္စများတွင် ပြည်သူများအနေဖြင့် လက်လှမ်းမမီဖြစ်ကြရသည်ကိုလည်း သိရှိထားရန်လိုအပ်သည်။ ဒီမိုကရေစီအရင့်အမာနိုင်ငံများ၌ ထိုသို့သောအဖြစ်အပျက်များအတွက် စစ်တပ်က ဝင်ရောက်စွက်ဖက်မည့်အရေးကို စိုးရိမ်စရာမလိုသော်လည်း ဒီမိုကရေစီနုနယ်စနိုင်ငံများ၊ ယခုမှစ၍ ဒီမိုကရေစီလမ်းလျှောက်လှမ်းကြမည့်နိုင်ငံများမှ နိုင်ငံရေးသမားများအနေဖြင့် ဤအခြေအနေမျိုးတွင် အထူးသတိထားလုပ်ဆောင်ရန် လိုအပ်လှပေသည်။

နိုင်ငံတနိုင်ငံ၌ အထူးသဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဆောင်စနိုင်ငံတွင် အာဏာရှင်တဦး သို့မဟုတ် တစုတဖွဲ့က စစ်တပ်ကိုထိန်းချုပ်ထားနိုင်သည့်အခြေအနေတရပ်ဖြစ်ထွန်းနေပါက ရွေးကောက်ပွဲများမှတဆင့်ပေါ်ထွန်းလာသည့်အစိုးရ၊ ရွေးချယ်တင်မြှောက်ခံပြည်သူ့ကိုယ်စားလှယ်များသည် ထိုအာဏာရှင်တဦးတယောက် သို့မဟုတ် တစုတဖွဲ့၏ အကြောင်းပြချက်တခုမဟုတ်တခုဖြင့် ဖယ်ရှားခံရနိုင်သည်ဆိုသည့်အဖြစ်သို့ ဆိုက်ရောက်နိုင်သည်ကို ကြိုတင်သိရှိထားရန်လိုအပ်သည်။

## ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်တပ်ဖွဲ့စည်းတည်ဆောက်မှု

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စစ်မှန်သောဒီမိုကရေစီထူထောင်ရေးတွင် စစ်တပ်၏အခန်းကဏ္ဍကို နိုင်ငံရေးနှင့် လုံးဝသီးခြားထားရှိရမည်ဆိုသည့်အချက်ကို အခြေခံမူကို လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးရပေသည်။ ထိုသို့ သီးခြားထားရှိရမည်ဆိုသည်ကို ကောင်းမွန်စွာနားလည်နိုင်ရေးအတွက် စစ်တပ်၏ဖွဲ့စည်းပုံ၊ သဘောသဘာဝ၊ စစ်တပ်၏ ရည်ရွယ်ချက်များကို ပြည်သူ ပြည်သားအားလုံးက သိရှိစေရမည်။ ဤသည်ကို အစိုးရကသာမက ပြည်သူ့ရေးရာအဖွဲ့အစည်းများကလည်း အသိပညာပေးနိုင်ပေသည်။ သို့မှသာ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ကြိုးပမ်းရာ၌ အနုတ်လက္ခဏာဖြစ်စေမည့် အခြေအနေများကို ရှောင်ရှားနိုင်မည်၊ ကာကွယ်နိုင်မည်ဖြစ်သည်။

စစ်တပ်ဆိုသည်မှာ ဖွဲ့စည်းပုံအရ တင်းကျပ်ခိုင်မာသောအဖွဲ့အစည်းဖြစ်သည်။ အဆင့်ဆင့်အမိန့်ကို နာခံရသည်၊ ဒီမိုကရက်တစ်အဖွဲ့အစည်းများနှင့်နှိုင်းယှဉ်ပါက ဖွဲ့စည်းပုံအရရော၊ လုပ်ဆောင်ပုံအရပါ ခြားနားသည်။ ဒီမိုကရက်တစ်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်များကို တန်းတူထားဆက်ဆံသည်ဆိုသည့်အချက်နှင့်ယှဉ်လိုက်လျှင် လုံးဝခြားနားနေသည်ကိုထင်ထင်ရှားရှားတွေ့မြင်နိုင်သည်။

ဒီမိုကရေစီကိုစတင်ထူထောင်စနိုင်ငံများ၊ စစ်တပ်ကြီးစိုးသောနိုင်ငံရေးအခြေအနေမှ ဒီမိုကရေစီသို့အသွင်ကူးပြောင်းစနိုင်ငံများ၊ အာဏာရှင်လက်အောက်မှ ဒီမိုကရေစီသို့ ပြောင်းလဲထူထောင်သောနိုင်ငံများအနေဖြင့် စစ်တပ်ခေါင်းဆောင်များ၊ အာဏာရှင်များက ၎င်းတို့အာဏာရှိနေစဉ်ကာလအတွင်း နိုင်ငံပိုင် ငွေကြေး ပစ္စည်းဥစ္စာများကို ၎င်းတို့ပိုင်ဆိုင်သည့်အရာများသဖွယ် ရယူသုံးစွဲကြသလို နိုင်ငံရပ်ခြားရှိဘဏ်များတွင် သိမ်းဆည်းထားခြင်း၊ နိုင်ငံရပ်ခြားတွင် ရင်းနှီးမြှုပ်နှံထားခြင်းများရှိကြသည်၊ ဤသည်မှာ ကမ္ဘာပေါ်ရှိ အာဏာရှင်အားလုံးလိုလိုပြုကျင့်ကြသည်။ ထိုသို့လုပ်ဆောင်ကြခြင်းမှာ ထိုသူများသည် သေတပန်သက်တဆုံးဆွေစဉ်မျိုးဆက်ချယ်လှယ်ချုပ်ကိုင်၍မရ အာဏာကနေ ပြုတ်ကျသွားသည့်အခါပိုင်ဆိုင်ထားရန်လိုအပ်သည် ဆိုသည်ကို သိရှိနားလည်ထားခြင်းကြောင့်ဖြစ်သည်။

ဤဆောင်းပါးအစတွင်ဖော်ပြထားသည့်အတိုင်း စစ်တပ်ကို အရပ်သားအစိုးရက အပြည့်အဝထိန်းချုပ်ထားရမည်ဖြစ်သည်၊ ထိုသို့မဟုတ်ပါက နိုင်ငံတနိုင်ငံသည် မည်သည့်အခါမျှ ဒီမိုကရေစီထွန်းကားသောနိုင်ငံဖြစ်လာမည်မဟုတ်ပေ။

ကျော်ကျော်စိုး
(ဂျပန်)
ဩဂုတ်လ ၃၀ ၊ ၂၀၁၁ ခုနှစ်

ကိုးကား--- How to establish a democracy or Improve the one you now have

“A practical Guide for Developing Essential Government and Business Structures and Personal Systems of Values”

By Walter E.Boek –PhD

President, College of democracy

Virginia, United State of America.